# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၃/၈၉)

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေတွင်—

(က) နိဒါန်းကို ပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၄) နှင့် (၅) တို့ကို အောက်ပါ ပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်—

(၄) ညွှန်ကြားရေးမှူးချုပ်၊ .... အဖွဲ့ဝင်
စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ
ဦးစီးဌာန။

(၅) ဦးကျော်ငွေ၊ .... အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေး
သုတေသနအဖွဲ့။